# BLUEPRINT FOR ENGLISH LANGUAGE LEARNERS (ELLs) SUCCESS

## အင်္ဂလိပ် ဘာသာစကား လေ့လာသင်ယူနေသူများ (ELLS) အတွက် အောင်မြင်ရေး အခြေပြ ပုံစံ

နယူးယောက်ပြည်နယ် ပညာရေးဌာန (NYSED) လက်အောက်ရှိ ဒွိဘာသာစကား ပညာရေး နှင့် နိုင်ငံခြားဘာသာစကား လေ့လာရေးရုံး (OBE-FLS) ၏ ဦးတည်ချက်မှာ နယူးယောက်ပြည်နယ် (NYS) ရှိ အင်္ဂလိပ်ဘာသာစကား လေ့လာသင်ယူနေသူများ (ELLs) အပါအဝင် ကျောင်းသားများ အားလုံး ပညာရေး၌ အဆင့်မြင့် အောင်မြင်နိုင်ပြီး ဘာသာစကား ကျွမ်းကျင်တတ်မြောက်ရန် ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျောင်းသားများအားလုံးအတွက် ၎င်းတို့ တဦးချင်းစီ၏ ပညာရေးလမ်းကြောင်းများ နှင့် လူမှု-စိတ်ခံစိတ်ရေးရာ လိုအပ်ချက်အသီးသီးတို့ ဘာသာစကားပေါင်းစုံအသုံးပြု၍ ပြည့်ဝနိုင်ကာ ကောလိပ်ပညာရေး ဆက်လက်တက်လှမ်းနိုင်ရန် နှင့် အလုပ်ခွင်ဝင်ရောက်ရေး အဆင်သင့်ဖြစ်ရန်တို့ အတွက် ရှေ့ရှု ကြိုးစားလျက် ရှိသည်။ ဆရာ၊ ဆရာမများ အားလုံးတို့သည် ELLs တို့၏ ဆရာ၊ ဆရာမများ ဖြစ်ကြောင်း NYSED မှ ယုံကြည်သည်။

ပြောင်းလဲလာသော ကမ္ဘာ့စီးပွားရေးကို တုန့်ပြန်သောအားဖြင့်၊ NYSED မှ ကျောင်းသားများ၊ ဆရာများ နှင့် မိဘများ ကောလိပ်ပညာရေး နှင့် အလုပ်ခွင်ဝင်ရောက်ရန် အဆင်သင့်ဖြစ်ရေးတို့ အတွက် ရှင်းလင်းပြတ်သားသည့် မျှော်မှန်းချက်များ ထားနိုင်ရန် ဗဟိုအခြေပြုသင်ကြားမှုစံနှုံးများ (CCLS) ကို ပြဋ္ဌာန်းခဲ့သည်။ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း နယူးယောက်ပြည်နယ် အစိုးရကျောင်းများတွင် ELL များ ပိုမို တက်ရောက်လာသည်ကို တွေ့ရကာ၊ လက်ရှိ ကျောင်းသားဦးရေ ၂၁၄,၃၇၈ ရှိ၍ ဘာသာစကားပေါင်း ၁၆၀ ကျော်ပြောဆိုလျက်ရှိသည်။ ထိုကျောင်းသားများ အောင်မြင်နိုင်ရန်အတွက် NYSED မှ ကျောင်းများအား သင့်တင့်လျောက်ပတ်သည့် အထောက်အမများ၊ မိခင်ဘာသာစကား စီစစ်ရေးများ၊ နှင့် ဆရာ၊ ဆရာမများမှ စံနှုံးများနှင့်အညီ အင်တိုက်အားတိုက် သင်ကြားပို့ချနိုင်ရန် လိုအပ်သော သင်ထောက်ကူပစ္စည်းများကို ပံ့ပိုးပေးရန် လိုက်အပ်ပေသည်။ ပညာရေးကော်မရှင်နာ၏ စည်းမျည်း၊ အပိုင်း ၁၅၄အရ OBE-FLS မှ ELLများအား အထောက်အပံ့ မရှိသည့် အင်္ဂလိပ်စကားပြော ရပ်ဝန်းသို့ ပေးပို့ခြင်းဖြင့် ပညာရေးအောင်မြင်မှုရရန် မဖြစ်နိုင်ကြောင်း ခိုင်မြဲစွာ အတည်ပြုအပ်သည်။

NYSED ၏ မူကြို-၁၂တန်း ဗဟိုအခြေပြုသင်ကြားမှုစံနှုံးများ (CCLS) သည် ဆရာမတဦးချင်းစီမှ၊ ELL များ အပါအဝင် ကျောင်းသားများအားလုံးအား ပညာရှင်သုံး ဘာသာစကားနှင့် စိန်ခေါ်မှုရှိသော အကြောင်းအရာများကို သင်ကြားပို့ချရေးအတွက် ပြင်ဆင်မှုရှိရန် လိုအပ်ကြောင်း ညွှန်ပြထားသည်။ ELL များ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်လာကာ၊ အကြောင်းအရာဆိုင်ရာ အသိဉာဏ်များ တိုးပွားလာရေးအတွက် ထောက်ပံ့ပုံနည်းများကို ဆရာများမှ ကျွမ်းကျင်နေစေရမည်။ ကျောင်းသားများ CCLS ပါ အဆင့်မြင့် တောင်းဆိုချက်များနှင့် ကိုက်ညီစေရန် အကြောင်းအရာ၊ ပညာရှင်များ၊ ဘာသာရပ်ပေါင်းစုံမှ ပညာသင်ကြားသူများ အားလုံးတို့သည်လည်း ပူးပေါင်းလုပ်ဆောင်သင့်သည်။

အောက်ဖော်ပြပါ စည်းမျဉ်းများတို့သည် စီမံခန့်ခွဲသူများ၊ ဥပဒေပြုသူများ၊ နှင့် ပညာရှင်များအားလုံး ELLs တို့ မူကြိုမှစကာ၊ ကောလိပ်ပညာရေးနှင့် အလုပ်ခွင်ဝင်မြောက်ရေး အဆင်သင့်ဖြစ်နိုင်ရန်၊ အခြေခံ အုတ်မြစ် တည်ဆောက်နိုင်ကာ ပညာရေး အောင်မြင်မှုများရရှိရန် ရှင်းလင်း ပြတ်သားသည့် မျှော်မှန်းချက်များ ထားရှိနိုင်ရေး ရည်မျှော်၍ ဂရုတစိုက်ပြုစုထားသော စည်းမျဉ်းများ ဖြစ်သည်။ ထိုစည်းမျဉ်းများသည် ပညာရေးခရိုင်များ၊ ကျောင်းများနှင့် ဆရာများကို လိုအပ်သည့် ညွှန်ကြားမှုများ၊ အရင်းအမြစ်များ၊ အထောက်အကူများပေးရန် ရည်ရွယ်ကာ၊ ဒွိဘာသာစကား ပညာရေး၊ အင်္ဂလိပ်ဘာသာအား နိုင်ငံခြား ဘာသာစကားအဖြစ် သင်ကြားရေး၊ နိုင်ငံခြားဘာသာစကား လေ့လာရေး အစရှိသည်တို့ကို ပိုမို သဘောပေါက် နားလည်လာစေရန် ဦးတည်သည်။

# BLUEPRINT FOR ENGLISH LANGUAGE LEARNERS (ELLs) SUCCESS

# အင်္ဂလိပ် ဘာသာစကား လေ့လာသင်ယူနေသူများ (ELLS) အတွက် အောင်မြင်ရေး အခြေပြု ပုံစံ

**ELL များအတွက် အောင်မြင်ရေး အခြေပြုပုံစံအား ဦးဆောင်သော စည်းမျဉ်းများမှာ -**

## ၁။ ဆရာများအားလုံးတို့သည် အင်္ဂလိပ် ဘာသာစကား လေ့လာသင်ယူနေသူများအား သင်ကြားသည့် ဆရာများ ဖြစ်သောကြောင့် သင့်တင့်လျော်ကပ်စွာ ပြင်ဆင်ရန် -

- တဦးချင်း သင်ကြားမှု အစီအစဉ် (IEP) များ အပါအဝင်၊ ယဉ်ကျေးမှု၊ ဘာသာစကား မတူကွဲပြားသော သင်ယူသူများ <u>**အားလုံး**</u> နှင့် သင့်တင့် လျော်ကပ်သော သင်ရိုးများကို ရေးဆွဲ ပို့ချခြင်း။
- ဘာသာစကား ဖွံ့ဖြိုးလာစေရန်အတွက် ဘာသာစကားအရေးပေး အထောက်အမများမှ တဆင့် မြှင့်တင် ထည့်သွင်းထားသော ဘာသာစကားများနှင့် အကြောင်းအရာ သင်ကြားမှုတို့ကို ပို့ချခြင်း။ ဒွိဘာသာစကား၊ ESL နှင့် အခြားသော အကြောင်းအရာ နယ်ပယ်အသီးသီးမှ ဆရာများသည် အဓိပ္ပါယ်ရှိရှိနှင့်၊ စည်းချက်မှန်မှန် ပူပေါင်းလုပ်ဆောင်ကာ အကြောင်းအရာ နယ်ပယ်အသီးသီးတို့တွင် ပညာရေး အောင်မြင်စေရန် ဆောင်ရွက်ရမည်။
- ဘာသာဗေဒ အရသော်၄င်း၊ အသက်/အတန်း အရသော်၄င်း ဆီလျော်သည့် သင်ထောက်ကူ ပစ္စည်းများနှင့် သင်ကြားမှု အရင်းအမြစ်များကို အသုံးပြုကာ၊ ဗဟိုအခြေပြု သင်ကြားမှုစံနှုန်းများ (CCLS) နှင့် ကိုက်ညီစေခြင်း။
- ELL များ၏ ဘက်စုံလိုအပ်ချက်များကို ဖြည့်စွက်နိုင်ရန်၊ ကျောင်းမှ အထောက်အကူပြု ဝန်ထမ်းများ၊ လူအဖွဲ့အစည်းအတွင်းရှိ လူ့စွမ်းအား အရင်းအမြစ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

## ၂။ ELL များ၏ ပညာရေး၊ ဘာသာစကား၊ လူမှုရေး၊ နှင့် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ ပြည့်မီစေခြင်းအလို့ငှာ၊ ကျောင်းဘုတ်အဖွဲ့များ နှင့် ခရိုင်/ကျောင်း ဦးဆောင်သူများမှ ဆောင်ရွက်ရန်တို့မှာ -

- ELLများ ကောလိပ် တက်ရောက်ရေးနှင့် အလုပ်ခွင်ဝင် အဆင်သင့်ဖြစ်ရေး အတွက် အဆင့်မြင့် အစီအမံများ ပါရှိသည့် အဓိပ္ပါယ်ရှိသည့် ဆောင်ရွက်ချက်များဖြင့် ထောက်ပံ့ထားသော၊ ELL ကျောင်းသား၏ အောင်မြင်ရေးနှင့် လူမှု-စိတ်ဓါတ် ဖွံ့ဖြိုးလာစေနိုင်သည့် ရှင်းလင်းပြတ်သားသော အောင်မြင်မှု ဦးတည်ချက်များ မြင့်မြင့်မားမား ထားရှိခြင်း။
- ELL များအား အရည်အသွေးမြင့် သင်ကြားမှုများ ပို့ချပေးခြင်း။
- ငွေကြေးနှင့် လူ့စွမ်းအား အရင်းအမြစ်များကို ချိန်ကိုက်၊ ညှိညာစေခြင်းဖြင့် သင်ကြားမှု အစီအမံများအား ထိထိရောက်ရောက် အခြေချ၊ ဆောင်ရွက် ပို့ချခြင်း။
- ပညာသင်ကြားပို့ချသူများအား အရည်အသွေးမြင့် အထောက်အပံ့များ၊ သုံးသပ်ချက်များ၊ နှင့် ညွှန်ကြားချက်များ ပေးကာ ၄င်းတို့၏ သင်ကြားမှု နည်းနာများအား တိုးတက်လာစေခြင်း။
- ကျောင်းသားအားလုံး၏ ဘာသာစကားနှင့် ယဉ်ကျေးမှုတို့ကို လေးစားအသိအမှတ်ပြုသည့်၊ လုံခြုံ၍ အလုံးစုံပါဝင်သော သင်ယူလေ့လာမှု အဝန်းအဝိုင်း ဖေါ်ဆောင်ခြင်း။
- ရည်မှန်းချက်များ မြင့်မြင့်မားမားထားရှိသည့် ကျောင်းယဉ်ကျေးမှုကို ဖေါ်ဆောင်ရန်၊ ELLs များ၏ လိုအပ်ချက်များကို ဖြည့်နိုင်ရန်အတွက် ခရိုင်နှင့် ကျောင်းဦးဆောင်သူများအား လေ့ကျင့်ပေးခြင်း။
- မသန်မစွမ်း ELL များအတွက်၊ IEPs နှင့် လက်ရှိ လုပ်ထုံးများနှင့် ကိုက်ညီသည့် အရည်အသွေးမြင့် သင်ကြားရေးနှင့် အထောက်အပံ့ ဝန်ဆောင်မှုများပေးခြင်း။

**၃၊ ခရိုင်များနှင့် ကျောင်းများမှ ဗဟိုအခြေပြု စံနှုန်းအတွက် နယူးယောက်ပြည်နယ် မူကြို ဖော်ဆောင်ရေးနှင့် မူကြို-၁၂တန်း ဗဟိုအခြေပြု သင်ကြားမှုစံနှုန်းများတို့နှင့် ကိုက်ညီသော၊ အတန်းအလိုက်လျော်ကန်သော၊ ပညာရေးအရ ထက်မြက်ပြင်းထန်သော၊ သင်ကြားမှုများတွင် အင်္ဂလိပ် ဘာသာစကား သင်ကြားသူများအား ပါဝင်စေရန် -**

- တိကျသေချာသော အကြောင်းအရာနှင့် ဘာသာစကား ရည်မှန်းချက်များအား ဖော်ညွှန်းရှင်းပြခြင်း။
- သုတေသန-အခြေပြု တိုက်ရိုက်ပေါ်လွင်သော ဝေါဟာရများနှင့် ကွေ့ပိုက်ဖော်ညွှန်းသော ဝေါဟာရများ အား မြင့်တင် ထည့်သွင်းခြင်း။
- ကျောင်းသူ၊ ကျောင်းသားများအား အကြောင်းအရာတို့ကို ဆွေးနွေး၊ ညှိနှိုင်း တိုင်ပင်နိုင်ရန်နှင့် သင်ယူသူအချင်းချင်း ပူးပေါင်းကာ ပြဿနာ-ပုစ္ဆာတို့ကို ဖြေရှင်းနိုင်ရန် အခွင့်အရေးများပေးခြင်း။
- သင်ကြားမှုများကို သုတေသန-အခြေပြု နည်းနာများသုံးကာ အချက်ကျကျ အခြေချ တည်ဆောက်ခြင်း။ (ဥပမာ။ မာလ်တီမီဒီယာများ၊ ရုပ်ပြများ၊ ဂရပ်ဖ် သရုပ်ဖော်များ၊ အစရှိသဖြင့်။)
- မသန်မစွမ်း ELLများ၏ လိုအပ်ချက်များပြည့်စုံရန်၊ အထူးပညာရေး အထောက်အပံ့များ၊ ဝန်ဆောင်မှုများ၊ နေရာထိုင်ခင်းများ နှင့် အထူးရေးဆွဲထားသော သင်ကြားမှုများ ပေးအပ် ပို့ချခြင်း။
- ကနဦး ELL သင်ယူသားများ၏ လိုအပ်ချက်များကို ပြည့်မီသည့် သင်ရိုးညွှန်းတမ်းများကို ရေးဆွဲ၊ ရွေးချယ်၊ စီမံဆောင်ရွက်ကာ၊ နယူးယောက်ပြည်နယ် ဗဟိုအခြေပြုစံနှုန်း မူလတန်းကြို အခြေခံအုတ်မြစ်ကို ထောက်ပံ့ အားပြုစေခြင်း၊
  http://www.p12.nysed.gov/ciai/commoncorestandards/pdfdocs/nyslsprek.pdf.
- ***ဘာသာစကား*** ဖွံ့ဖြိုးမှု ***ဆက်လက်တည်တံ့ရေးအတွက် နယူးယောက်ပြည်နယ် ဒွိဘာသာစကား ဗဟိုအခြေပြုစံနှုန်း တိုးတက်မှုတို့ကို သုံးကာ၊*** ELL များအား ပညာရှင်သုံး ဘာသာစကားနှင့် အကြောင်းအရာ-ဧရိယာ အထောက်အပံ့တို့ကို အသုံးပြုခြင်း၊
  http://www.engageny.org/resource/new-york-state-bilingual-common-core-initiative

**၄။ ခရိုင်များနှင့်၊ ကျောင်းများမှ ဒွိဘာသာစကားဂါဒနှင့် ဒွိဘာသာစာပေ တတ်မြောက်ခြင်းတို့သည် အရင်းအမြစ်ဖြစ်ကြောင်း အသိအမှတ်ပြုကာ၊ ကျောင်းသားများအားလုံး ဒွိဘာသာစာပေတတ်မြောက်မှု တံဆိပ်အား အထက်တန်းအောင်လက်မှတ် ရရှိသည်နှင့် အပြိုင်ရရှိရေးအတွက် အောက်ပါတို့ကို ဖန်တီးပေးအပ်ရန် -**

- အင်္ဂလိပ်စကားနှင့် အခြားဘာသာစကားများ ကျွမ်းကျင်လာစေရေးအတွက် ဘာသာစကား သင်ကြားမှု၊ သို့မဟုတ် ဘာသာစကား အထောက်အကူ အစီအစဉ်များတွင် ပါဝင်နိုင်ရန် အခွင့်အလမ်းများ။
- ကျောင်းသား၏ မိခင်ဘာသာစကား အပါအဝင်၊ ပညာရှင်သုံးဘာသာစကားနှင့် အကြောင်းအရာ အသိပညာတို့ကို အင်္ဂလိပ်ဘာသာ နှင့် အခြားဘာသာစကားများ၌ပါ အသုံးပြုရန် အခွင့်အလမ်းများ။
- ELLများ မိခင်ဘာသာစကား တည်တံ့ကာ ဖွံ့ဖြိုးလာရေး၊ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်လာရေးနှင့် ဒွိဘာသာစာပေ တတ်မြောက်ရေးတို့အတွက် ရည်ညွှန်းသော ထက်မြက် ပြင်းထန်သော ဒွိဘာသာစကား ပညာရေး စီမံကိန်းများ။
- ခရိုင်အတွင်း တွေ့ကြုံမှုနည်းခြင်းကြောင့် ဒွိဘာသာစကား ပညာရေး စီမံကိန်းတို့တွင် မပါရှိသည့် ဘာသာစကားများအသုံးပြုသော ကျောင်းသားများအတွက် အခြား နည်းလမ်းများ။

### ၅။ ခရိုင်များနှင့် ကျောင်းများမှ မိဘများနှင့် ELLs များ၏ မိသားစုများအားလုံးအား ပညာရေး လုပ်ဖေါ်ကိုင်ဖက်များအဖြစ်သတ်မှတ်ကာ ၎င်းတို့ရင်သွေးများ၏ ပညာရေးတွင် ထိထိရောက်ရောက် ပါဝင်လာစေရန် -

- မိဘများမှ ၎င်းတို့ကလေးများ၏ ပညာရေးအတွက် အချက်အလက် ပြည့်ပြည့်စုံစုံဖြင့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် လိုအပ်သည့် အရင်းအမြစ်များ ပေးခြင်း။
- မိဘများ အလွယ်တကူ နားလည်နိုင်သည့် ဘာသာစကားနှင့် ပုံစံတို့ဖြင့် ဖေါ်ပြထားသော၊ ၎င်းတို့၏ အခွင့်ရေးများနှင့် စီမံကိန်းရွေးချယ်စရာများနှင့် ပတ်သက်သည့် အရေးကြီး အချက်အလက်များ ပေးခြင်း။
- ရင်သွေးငယ်များ ကျောင်းတွင်း၊ ကျောင်းပြင် သင်ယူမှုတို့အတွက် ထိရောက်သည့် နည်းလမ်းများကို မိဘများအား အင်္ဂလိပ်ဘာသာနှင့် ၎င်းတို့ မိခင်ဘာသာစကားတို့၌ပါ လေ့ကျင့် ပို့ချပေးခြင်း။
- မိဘများအား၊ ကျောင်းအဖွဲ့အစည်း၌ တက်ကြွစွာ ပါဝင်သူများ၊ ပံ့ပိုးသူများ၊ ယဉ်ကျေးမှု ကိုယ်စားလှယ်များအဖြစ် ထည့်သွင်း၊ ဆက်ဆံခြင်း။
- ELL များ၏ ပညာရေးအတွက် ကျောင်းများမှ ထားရှိသည့် မျှော်မှန်းချက်မြင့်များကို မိဘများ၊ မိသားစုဝင်များနှင့် မျှဝေကာ၊ ၎င်းတို့အား ထို မျှော်မှန်းချက်များ အောင်မြင်ရေးတို့အတွက် ပါဝင် ထိတွေ့ ဆက်ဆံစေခြင်း။
- ELL များ၏ ဘက်စုံ လိုအပ်ချက်များ ပြည့်ဝရန် အတွက် ကျောင်းများမှ ထောက်ပံ့ရေး ဝန်ထမ်းများ၊ ကူးပြောင်း အခြေချနေထိုင်သူများ၏ လူမှုအဖွဲ့အစည်း-အခြေပြု အဖွဲ့အစည်းများနှင့် ပူပေါင်းခြင်း။

### ၆။ ခရိုင်များနှင့် ကျောင်းပတ်ဝန်းကျင် အဖွဲ့အစည်းများမှ ဒွိဘာသာစကား၊ ESL နှင့် အင်္ဂလိပ်စကားမှအပ အခြားဘာသာစကားများ (LOTE) သင်ကြားပေးသော ဆရာများ နှင့် သင်ထောက်ကူ ဝန်ထမ်းများ၏ ကျွမ်းကျင်မှုများကို ချိန်ကိုက် အသုံးပြုကာ၊ ၎င်းတို့၏ စွမ်းရည်များကို မြင့်တင့်ပေးနိုင်ရန် -

- ဆရာများအားလုံး ပူးပေါင်းပါဝင်ကာ သင်ရိုးများ ရေးဆွဲမှု၊ ကျောင်းသားများ၏ လုပ်ဆောင်ချက်များကို သုံးသပ်မှု၊ ထက်မြက် ပြင်းထန်သော လေ့ကျင့်ခန်းများ ဖွံ့ဖြိုးတည်ဆောက်နိုင်မှု တို့ကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ရှိရှိ လေ့လာသင်ယူနိုင်ခွင့် အခွင့်အလမ်းများကို ဖန်တီးပေးခြင်း။
- မိခင်ဘာသာနှင့် ဘာသာစကား အသစ်များအပါအဝင်၊ ELL များ၏ လိုအပ်ချက်များ ဖြည့်စီးပေးရေး အတွက် အဓိပ္ပါယ်ရှိသော အသက်မွေးဝမ်းကြောင်းပညာ ဖွံ့ဖြိုးတိုးတက်မှုတို့တွင် ဆရာများ ပါဝင်နိုင်ရန် လုံလောက်၍ ရေရှည်တည်တံ့သော အခွင့်အလမ်းများ ဖန်တီးပေးခြင်း။

### ၇။ ခရိုင်များနှင့် ကျောင်းပတ်ဝန်းကျင် အဖွဲ့အစည်းတို့မှ ELL များ၏ မိခင်ဘာသာစကားများ၊ တန်ဖိုးရှိ ယဉ်ကျေးမှု အရင်းအမြစ်များ နှင့် နဂိုရှိရင်းစွဲ တတ်သိပညာများကို သမမျှတစေရေး ဆောင်ရွက်နိုင်ရန် -

- မိခင်ဘာသာစကားများအား သင်ကြားမှုအတွက် တန်ဖိုးရှိ အရင်းအမြစ်များ အဖြစ် သတ်မှတ်ကာ၊ ထိုသည်တို့ကို အသုံးပြုလျှက် နဂိုရှိရင်းစွဲ တတ်သိပညာများနှင့် အသိပညာ အသစ်များကို ချိတ်ဆက်၍ အကြောင်းအရာများကို အဓိပ္ပါယ်ရှိစေပြီး ရှင်းလင်းပြတ်သားစေခြင်း။
- ကျောင်းသား အားလုံး သိက္ခာရှိရေး အက်ဥပဒေ (ဇူလိုင်လ ၂၀၁၃မှစ၍ NYS တွင်းအကြုံးဝင်) အရ ELL တို့၏ မိခင် ဘာသာစကားတို့နှင့် ယဉ်ကျေးမှုတို့ကို အသုံးပြုကာ မတူကွဲပြားမှုတို့ကို မြှင့်တင်ပေးခြင်း၊ http://www.p12.nysed.gov/dignityact/.

**၈။ ခရိုင်များနှင့် ကျောင်းများမှ ပြဿနာ ရှာဖွေရေး နည်းနာများနှင့် အပြုသဘောဆောင်သော ဆန်းစစ်မှု အလေ့အထများကို အသုံးပြုကာ ELL များ၏ အကြောင်းအရာဆိုင်ရာ အသိပညာများနှင့် မိခင်ဘာသာစကား ဖွံ့ဖြိုးမှုတို့ကို တိုင်းတာပြီး၊ သင်ကြားပို့ချမှု အတွက် ဖြည့်စွက် သတင်းပေးနိုင်ရန် -**

- ပြည်နယ်မှ ချမှတ်သော ဆန်းစစ်မှုများကို အပြုသဘောဆောင်သော ဆန်းစစ်မှုများနှင့် တွဲဖက် အသုံးပြုခြင်း။
- ELL များ၏ ဘာသာစကား စဉ်ဆက်မပျက် ဖွံ့ဖြိုးတိုးတက်မှုများနားလည်ရန် ပြည်နယ်မှ ဘာသာစကား ကျွမ်းကျင်တက်မြောက်မှု (နယူးယောက်ပြည်နယ် အင်္ဂလိပ်ဘာသာစကားအား ဒုတိယဘာသာစကားအဖြစ် အောင်မြင်မှု စာမေးပွဲ [NYSESLAT] နှင့် နယူးယောက်ပြည်နယ် အင်္ဂလိပ်ဘာသာစကား သင်ယူသူများအတွက် ဖေါ်ညွှန်းမှု စာမေးပွဲ [NYSITELL] တို့မှ) အချက်အလက်တို့ကို အသုံးပြုကာ၊ ၎င်းတို့၏ ဘာသာစကား ကျွမ်းကျင်မှုပေါ်မူတည်၍ လိုအပ်သည့် ပညာရေး အထောက်အမများကို သင့်တင့်လျောက်ပတ်စွာ ပေးနိုင်ရန် သိရှိခြင်း။
- နက်နဲသည့် ဘာသာစကား အသုံးအနှုန်းများ ပါဝင်သည့်၊ စစ်မှန်၍ ကြွယ်ဝသည့် အကြောင်းအရာတို့အတွက် စစ်မှန်သည့် ဆန်းစစ်မှုများအား အသုံးပြုခြင်း။
- မသန်မစွမ်း ELL တို့၏ လိုအပ်ချက်များနှင့် တိုးတက်မှုများကို တိုင်းတာရန် သင့်တင့်လျောက်ပတ်သော ကိရိယာများ အသုံးပြုခြင်း။
- အကြောင်းအရာ အသိပညာနှင့် ဘာသာစကား ဖွံ့ဖြိုးမှုတို့အား သုံးသပ်ရန် ကိန်းကဏန်း အခြေပြု အမှတ်ပေး ဇယားများ အသုံးပြုခြင်း။
- မိခင်ဘာသာစကား အသုံးပြုသော ဒွိဘာသာစကား ပညာရေး အစီအစဉ်များတွင် ပို့ချမှုများအား အသိပေး ထောက်ကူရန်နှင့် ဖွံ့ဖြိုးမှုနှုန်းတို့ကို တိုင်းတာရန်အတွက် မိခင်ဘာသာစကား ဆန်းစစ်များအား အသုံပြုခြင်း။